MPRL E&P

အလှူဒါယကာ အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်နှင့် မိသားစု၊

MPRL E&P ဝန်ထမ်းမိသားစုများနှင့် **Myint & Associates** (မန်းရေနံမြေစီမံကိန်း) ဝန်ထမ်းမိသားစုတို့၏

မန်းရေနံမြေဒေသခံ ရှင်သာမဏေလောင်းလျာ (၇၁) ပါးအား ပဗ္ဇ္ဇာမင်္ဂလာသာသနာ့အမွေ

ခံယူနိုင်စေမည့် ပါရမီအထောက်အပံ့ကုသိုလ်တော်

ရှင်ပြုအလှူတော်မှတ်တမ်း



၂၀၂၄ ခုနှစ်၊ မတ်လ (၀၇) ရက်၊ အောက်ကျောင်းဘုရား၊ မင်းဘူး (စကု) မြို့နယ်

မာတိကာ

- **ကျေးဇူးတင်လွှာ** ၁
- **နိဒါန်း** ၂
- **အလှူတော်မင်္ဂလာကျင်းပပြုလုပ်ခဲ့သည့် အောက်ကျောင်းကျေးရွာရှိ သာသနာ့သမိုင်းဝင် သမုဒ္ဒဂီရိမြစေတီတော်မြတ်ကြီး၏ သမိုင်းအကျဉ်းချုပ်** ၅
- **စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံထိန်းသိမ်းရေးအတွက် လှူဒါန်းမှုများ** ၁၁
  - အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်နှင့် မိသားစု၏ လှူဒါန်းမှုများ
  - MPRL E&P ကုမ္ပဏီများအုပ်စုရှိ ဝန်ထမ်းမိသားစုများ၏ လှူဒါန်းမှုများ
  - MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးလှူဒါန်းမှုများ
- **အလှူတော်မင်္ဂလာကျင်းပပြုလုပ်ရခြင်းရည်ရွယ်ချက်** ၁၇
- **အလှူတော်မင်္ဂလာကျင်းပနိုင်ရေးကြိုတင်စီမံခန့်ခွဲမှုများ** ၁၈
  - ကော်မတီများဖွဲ့စည်းဆောင်ရွက်ခြင်း
  - ဝန်ထမ်းမိသားစုများပူးပေါင်းပါဝင်လှူဒါန်းနိုင်ရေး တိုက်တွန်းနှိုးဆော်ခြင်းနှင့် ဖိတ်ကြားခြင်း
  - MPRL E&P (CSR အစီအစဉ်) ၏ ပံ့ပိုးမှုနှင့် အလှူငွေကောက်ခံရရှိမှုများ
  - အလှူတော်မင်္ဂလာသို့ ကြွရောက်ချီးမြှင့်ခဲ့သည့် မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၄) ရွာရှိ ဘုန်းတော်ကြီးကျောင်းများမှ ဂေါစရဂါမိဆရာတော်များ
  - ရှင်သာမဏေလောင်းလျာများ

• **အလှူမင်္ဂလာပွဲကျင်းပခြင်း** ၄၈

- အခမ်းအနားပြင်ဆင်ခြင်း
- မောင်ရှင်လောင်းများစုစည်းခြင်းနှင့်နေရာယူခြင်း
- ရှင်သာမဏေလောင်းများ ဆံချခြင်း
- သင်္ကန်းတောင်းခံခြင်း
- သင်္ကန်းဝတ်ခြင်း
- အနုမောဓနာတရားတော်နာယူခြင်းနှင့်ရေစက်သွန်းချအမျှပေးဝေခြင်း
- ဆရာတော်၊ သံဃာတော်များနှင့် ရှင်သာမဏေများအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဧည့်ပရိသတ်များအား အလှူထမင်းဟင်းတို့ဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခြင်း

• **နိဂုံး** ၁၂၂

- အလှူမင်္ဂလာပွဲနှင့်စပ်လျဉ်း၍ ကြည်နူးဝိတိစကားသံများ
  - ဦးထွန်းလှအောင် (အုပ်ချုပ်ရေးမှူး၊ မန်းကျိုးကျေးရွာ) ရှင်ပြုအလှူမင်္ဂလာပွဲဖြစ်မြောက်ရေးကော်မတီ - တွဲဖက်ဥက္ကဋ္ဌ
  - ဦးခိုင်ဇော်လတ် (မောင်ရှင်လောင်းနှစ်ပါး၏ဖခင်)
  - ဦးကျော်စိုး (အုပ်ချုပ်ရေးမှူး၊ အောက်ကျောင်းကျေးရွာ) ရှင်ပြုအလှူမင်္ဂလာပွဲဖြစ်မြောက်ရေးကော်မတီ - အတွင်းရေးမှူး
  - ဒေါ်မြင့်မြင့်ခိုင် (စေတနာ့ဝန်ထမ်း၊ အောက်ကျောင်းကျေးရွာ)

ကျေးဇူးတင်လွှာ

MPRL E&P သည် ၁၉၉၆ ခုနှစ်မှစတင်၍ ယခု ၂၀၂၄ ခုနှစ်အထိ (၂၈) နှစ်တာ ကာလတစ်လျှောက် မန်းရေနံမြေတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့်အတူ ရေနံတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် မြန်မာအမျိုးသားပိုင် ရေနံကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများကို မိမိတို့ကုမ္ပဏီ၏ အရေးပါသည့် မိတ်ဖက်အဖွဲ့အစည်းများအဖြစ် မှတ်ယူပြီး မန်းရေနံမြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပံ့ပိုးလှူဒါန်းမှုများဖြင့် ကနဦးစတင်ခဲ့ပြီး ၂၀၁၄ ခုနှစ်မှစ၍ လူမှုတာဝန်သိ CSR လုပ်ငန်းဆိုင်ရာ မဟာဗျူဟာချမှတ်ဆောင်ရွက်ခဲ့ပါသည်။ လူမှုတာဝန်သိ CSR လုပ်ငန်းများကို ဒေသခံများနှင့် ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ပြီး ဒေသအကျိုးဖြစ်ထွန်းရေးကို အတူလက်တွဲ ပူးပေါင်းဆောင်ရွက်ရာတွင် ဒေသခံများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစသည့် လိုအပ်ချက်များကို ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အလေးအနက်ထားဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့လုပ်ကိုင်ဆောင်ရွက်ရင်း ဗုဒ္ဓဘာသာမြန်မာလူမျိုးအများစု နေထိုင်ရာ မန်းရေနံမြေဒေသတွင် မပြေလည်သည့် ဒေသခံမိသားစုများ၏ သားရတနာများကို “ပဗ္ဗဇ္ဇမင်္ဂလာ” ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်လိုသည့် မိဘတို့၏ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကိုလေးစားလိုက်နာဆောင်ရွက်လိုသည့်ဆန္ဒမွန်တို့ဖြင့် မောင်ရှင်လောင်း (၇၁) ပါးကို သာသနာ့အမွေခံယူနိုင်စေမည့်အခွင့်အလမ်းပံ့ပိုးမှုအဖြစ် MPRL E&P ကုမ္ပဏီ၏ CSR အစီအစဉ်နှင့် ဝန်ထမ်းမိသားစုများ၏ ပံ့ပိုးမှုတို့ဖြင့် ရှင်ပြုမင်္ဂလာအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ မတ်လ (၀၇) ရက်နေ့တွင် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ယင်းသို့ ရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် MPRL E&P ကုမ္ပဏီအနေဖြင့် မန်းရေနံမြေ ဒေသခံများနှင့်အတူ ဓလေ့ထုံးတမ်းစဉ်လာတစ်ခုကို စည်းလုံးညီညွတ်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည့် အောင်ပွဲတစ်ခုအဖြစ်ပါ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ ထို့အတူ အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပနိုင်ရန် ခွင့်ပြုပေးပါသော MPRL E&P ၏ အမှုဆောင်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဝိုင်းဝန်းကူညီ၊ လှူဒါန်းပံ့ပိုးကြသည့် အမှုဆောင်စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစုများ၊ အလှူပွဲဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် ဒေသခံမိသားစုများအားလုံးကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

နိဒါန်း

မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် MPRL E&P ကုမ္ပဏီသည် မန်းရေနံမြေဒေသခံများကို မိမိတို့၏ လုပ်ငန်းဆိုင်ရာ အဓိက မိတ်ဖက်များအဖြစ် မှတ်ယူပြီး မန်းရေနံမြေဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်ရှေးရှု ဆောင်ရွက်လျက်ရှိပါသည်။ မန်းရေနံမြေဒေသသည် မြန်မာရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို အလေးထားလိုက်နာကြသည့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ အများစုနေထိုင်လျက်ရှိသည့်ဒေသဖြစ်သည်။ မြန်မာအမျိုးသားပိုင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီတစ်ခုဖြစ်သည့် MPRL E&P အနေဖြင့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို လေးစားလိုက်နာပြီး အလေးထားထိန်းသိမ်းလျက်ရှိရာ မန်းရေနံမြေဒေသအတွင်း ဗုဒ္ဓသာသနာတိုးတက်ထွန်းကားရေးအတွက် သာသနိက အဆောက်အအုံများ တည်ဆောက်ပြုပြင်မွမ်းမံခြင်း၊ မြန်မာလများတွင် အချိန်ကာလအလိုက် ပြုလုပ်ကြသည့် ဒေသခံများ၏ ဘာသာရေး၊ လူမှုရေးအခမ်းအနားများတွင် လှူဒါန်းထောက်ပံ့ခြင်းနှင့် ဘာသာရေးနှင့်နီးနွယ်ပွဲတော်များတွင်ပါ ဝန်ထမ်းမိသားစုများက ပူးပေါင်းပါဝင်ဆင်နွှဲလျက်ရှိပါသည်။

မန်းရေနံမြေရှိဒေသခံ (၁၀,၀၀၀) ကျော်အနက် သားရတနာများကို ရှင်သာမဏေပြုပေးရန် အခက်အခဲရှိသည့် မိသားစုများအတွက် MPRL E&P ကုမ္ပဏီ၏ CSR အစီအစဉ်ဖြင့် ရှင်ပြုမင်္ဂလာအခမ်းအနားကို ၂၀၂၄ ခုနှစ် နွေရာသီကျောင်းပိတ်ရက်များတွင် ကျင်းပပြုလုပ်နိုင်ရန် စီစဉ်ခဲ့ပြီး သာသနာ့အမွေခံယူနိုင်စေမည့်အခွင့်အလမ်းကို ပံ့ပိုးခဲ့ပါသည်။ သို့ဖြစ်၍ MPRL E&P (CSR အစီအစဉ်) ဖြင့် ကျင်းပပြုလုပ်သည့် ရှင်ပြုမင်္ဂလာတွင် မန်းရေနံမြေ ထိစပ်ကျေးရွာနေ ဒေသခံမိသားစုများ၏ ရှင်ပြုမင်္ဂလာဆင်ယင်နိုင်မည့် အရွယ်ရောက်ပြီး သားရတနာ (၇၁) ပါးကို ပရိက္ခရာရှစ်ပါးနှင့် တစ်ပတ်စာဆွမ်းစရိတ်တို့ကို ပါဝင်ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကုမ္ပဏီဝန်ထမ်းမိသားစုများကိုပါ ဖိတ်ခေါ်တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

ရှင်ပြုမင်္ဂလာအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ မတ်လ (၀၇) ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူး (စကု) မြို့နယ်၊ မန်းရေနံမြေရှိ ထိစပ်ကျေးရွာ (၁၄) ရွာအနက် အောက်ကျောင်းကျေးရွာရှိ သာသနာ့သမိုင်းဝင် အောက်ကျောင်း သမုဒ္ဒဂိရိမြစေတီတော်မြတ်ကြီး၏ ပရဝဏ်အတွင်း ကျင်းပပြုလုပ်

ခဲ့ပြီး အောက်ကျောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၏ ပဓာနနာယက ဆရာတော် ဘန္ဒန္ဒစန္ဒာဝရ အမှူးပြု၍ သက်ဆိုင်ရာကျေးရွာအလိုက် ဘုန်းတော်ကြီးကျောင်းများ၏ ပဓာနနာယက ဆရာတော်များကို ဥပဇ္ဈာယ်ပြုကာ မောင်ရှင်လောင်း (၇၁) ပါးကို ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ခဲ့သည်။

ရှင်ပြုမင်္ဂလာအခမ်းအနားတွင် မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာရှိ ဘုန်းတော်ကြီးကျောင်းများမှ ဂေါစရဂါမ်ဆရာတော်၊ သံဃာတော် (၂၇) ပါးတို့အား နဝကမ္မ၊ ဆွမ်း၊ သင်္ကန်းစသည့် ဒါတဗ္ဗဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ပြီး ရှင်သာမဏေ (၇၁) ပါးတို့အား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။ အဆိုပါ ရှင်သာမဏေများအနေဖြင့် သက်ဆိုင်ရာကျေးရွာအလိုက် ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းပတ်တစ်ပတ်တာ သီတင်းသုံးနေထိုင်ရန် ဆွမ်းစရိတ်များကိုလည်း MPRL E&P (CSR အစီအစဉ်) နှင့် ဝန်ထမ်းမိသားစုများက ပံ့ပိုးလှူဒါန်းခဲ့သည်။ ရှင်ပြုမင်္ဂလာအခမ်းအနားသို့ မန်းရေနံမြေဒေသခံ (၂,၇၀၀) ကျော် တက်ရောက်ပါဝင်ခဲ့ပြီး လှူဒါန်းမှုအစုစုတို့ကို MPRL E&P ၏ CSR & Communications Department နှင့် Field Operations Department တို့မှ တာဝန်ရှိသူများနှင့် တက်ရောက်လာသည့် ကုမ္ပဏီနှင့်လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများအပါအဝင် မန်းရေနံမြေဒေသခံများက ရေစက်သွန်းချအမျှပေးဝေခဲ့ပြီး ပဗ္ဗဇ္ဇမင်္ဂလာရှင်ပြုအလှူတော်အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။ MPRL E&P (CSR အစီအစဉ်) ဖြင့် ကျင်းပပြုလုပ်ခဲ့သော ရှင်ပြုအလှူတော်မင်္ဂလာအတွက် လူမှုတာဝန်သိ CSR ရန်ပုံငွေဖြင့် ကျပ် သိန်း ၁၇,၆၆၉,၁၅၀/ (ကျပ်တစ်ရာခုနစ်ဆယ့်ခြောက် သိန်းခြောက်သောင်းကိုးထောင်တစ်ရာငါးဆယ်) မတည်ခဲ့ပြီး MPRL E&P ကုမ္ပဏီဝန်ထမ်းမိသားစုများနှင့် Myint & Associates (မန်းရေနံမြေစီမံကိန်း) ဝန်ထမ်းမိသားစုများ၏ ပံ့ပိုးပါဝင်လှူဒါန်းငွေ ကျပ် ၁၃,၀၀၀,၀၀၀/ (ကျပ်သိန်းတစ်ရာ့သုံးဆယ်) အပါအဝင် စုစုပေါင်းကျပ် ၃၀,၆၆၉,၁၅၀/ (ကျပ်သုံးရာ့ခြောက်သိန်းခြောက်သောင်းကိုးထောင်တစ်ရာ့ငါးဆယ်) အကုန်အကျခံ၍ကျင်းပပြုလုပ်ခဲ့ပြီး လှူဒါန်းမှုအစုစုကို ရေစက်သွန်းချအမျှပေးဝေ၍ ရှင်ပြုအလှူမင်္ဂလာအခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။



အလှူတော်မင်္ဂလာအခမ်းအနားကျင်းပပြုလုပ်ခဲ့သည့်

အောက်ကျောင်းကျေးရွာရှိ သာသနာ့သမိုင်းဝင် သမုဒ္ဒဂိရိမြစေတီတော်မြတ်ကြီး၏

သမိုင်းအကျဉ်းချုပ်



သာသနာ့သမိုင်းဝင် သမုဒ္ဒဂီရိမြစေတီတော်မြတ်ကြီးသည် မကွေးတိုင်းဒေသကြီး၊ မင်းဘူး (စကု) မြို့နယ်၊ မန်းရေနံမြေနှင့်ထိစပ်လျက်ရှိသည့် အောက်ကျောင်းကျေးရွာတွင် တည်ရှိပါသည်။ သမိုင်းဝင် သမုဒ္ဒဂီရိမြစေတီတော်မြတ်ကြီးနှင့် စပ်လျဉ်း၍ ဂေါပကအဖွဲ့ထံမှ ရရှိသောအချက်အလက်များအရ သမိုင်းအကျဉ်းချုပ်ကို လေ့လာရာတွင် ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်ကြီးတွင် သီတင်းသုံးနေတော်မူစဉ် မဟာပုဏ္ဏားသူကြွယ်သည် ကုန်ရောင်းကုန်သွယ်သွားလာရင်း ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ တရားတော်ကိုနာကြား၍ သာသနာ့ဘောင်သို့ ဝင်ရောက်ကာ ရဟန်းတရားများ အားထုတ်တော်မူခဲ့သည်။ တရားအားထုတ်သော်လည်း တရားမရသဖြင့် ဘုရားရှင်ထံချဉ်းကပ်ပြီး တရားအကျဉ်းဟောကြားပေးပါရန် ရိုသေစွာ လျှောက်ထားလေ၏။ မဟာပုဏ္ဏမထေရ်သည် ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူသော တရားအကျဉ်းကို နာယူမှတ်သားပြီး မိမိမွေးရပ်ဌာနေ ဝါဏိဇ္ဈဂါမသို့ ကြွမြန်းတော်မူခဲ့ပါသည်။

မဟာပုဏ္ဏမထေရ် ဒုတိယသီတင်းသုံးတော်မူသောဒေသသည် ယခုအောက်ကျောင်း သမုဒ္ဒဂီရိမြစေတီတော်မြတ်ကြီး၏ တည်နေရာပင်ဖြစ်ပါသည်။ ထိုအရပ်၌ပင် ဝသီဘော်ငါးပါးအောင်မြင်ပြီး လောကီအဘိညာဉ်တန်ခိုးနှင့် ပြည့်စုံပြီးဖြစ်ပေသည်။ စတုတ္ထသီတင်းသုံးတော်မူသော တောရကျောက်ကုန်း (၀၊) ရေသနုတ်ကုန်းနေရာတွင် အာသဝက္ခယအဘိညာဉ်၊ သမာပတ် (၈) ပါးနှင့် အာသဝေါကုန်ခမ်း ရဟန္တာမထေရ်ကြီး ဖြစ်တော်မူခဲ့ပေသည်။

ဗုဒ္ဓရှင်တော်မြတ် စန္ဒကူးနှံ့သာကျောင်းတော်သို့ကြွချီခြင်း

စူလပုဏ္ဏသူကြွယ်ဆောက်လုပ်လှူဒါန်းသော စန္ဒကူးနှံ့သာကျောင်းတော်ကြီးသို့ မဟာပုဏ္ဏမထေရ်၏ ပင့်လျှောက်ချက်အရ ဘုရားရှင်သည် (၇) ရက်သီတင်းသုံးပြီး ဝေနေယျအများအား တရားဓမ္မ ဟောကြားတော်မူခဲ့ပေသည်။ ဗုဒ္ဓဘုရားရှင်သည် (၇) ရက် သီတင်းသုံးပြီး သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူသည်။ မဟာပုဏ္ဏမထေရ်ကိုလည်း ဤအရပ်မှာပင် သာသနာပြုရစ်လေ့ဟု ဗျာဒိတ်တော်ပေးတော်မူခဲ့ပေသည်။

သမုဒ္ဒဂီရိမြစေတီတော်မြတ်ကြီး ပေါ်ပေါက်လာခြင်း

မဟာပုဏ္ဏမထေရ်သည် မြတ်စွာဘုရား၏ ဗျာဒိတ်စကားတော်မြတ်ကို ဦးထိပ်ရွက်ပန်ဆင်လျက် သုနာပရန္တတိုင်းရှိ ဝေနေယျအများကို နိဗ္ဗာန်ရောက်ကြောင်း တရားဓမ္မများ ဟောဖော်ညွှန်းပြဆိုဆုံးမလျက် သီတင်းသုံးတော်မူခဲ့ပေသည်။

အခါတပါး၌ မဟာပုဏ္ဏရဟန္တာအရှင်မြတ်သည် အဘိညာဉ်တန်ခိုးဖြင့် မိမိပရိနိဗ္ဗာန်စံရမည့် အချိန်ကာလကို မြင်တော်မူ၏။ မဟာပုဏ္ဏမထေရ်သည် မိမိသီတင်းသုံးတော်မူခဲ့သော ယခုအောက်ကျောင်း သမုဒ္ဒဂီရိအရပ်သည် သာသနာတော်ကြီး ထွန်းလင်းမည်၊ ဗုဒ္ဓသာသနာ့ ဓမ္မအောင်မြေအဓိဋ္ဌာန်အောင်မြင်သော ဒေသဖြစ်မည်ကို မြင်တော်မူသည်။ သို့ဖြစ်၍ မိမိသီတင်းသုံးရာ ကျောင်းသင်္ကန်းမှနေ၍ နောင်လာနောင်သားဝေနေယျအများတို့အား ဖူးမျှော်ကိုးကွယ်စိမ့်သောငှာ မပျောက်ပျက်နိုင်သောအရာတစ်ခု ပေါ်ပေါက်ပါစေသတည်းဟု အဓိဋ္ဌာန်ပြုရာ အဓိဋ္ဌာန်ချက်အတိုင်း ဗုဒ္ဓကိုယ်စား နိမ္မိတရုပ်ပွား၊ (ဉာဏ်တော်သန်တောင်) ရှိသော မြသားဆင်းတုဥဒ္ဒိဿက စေတီတော် ပေါ်ပေါက်လာခဲ့သည်။ မဟာပုဏ္ဏမထေရ်မြတ်သည် ဗုဒ္ဓကိုယ်စား နိမ္မိတရုပ်ပွားမြသားဆင်းတုတော်ကို မိမိကျောင်းသင်္ကန်းတွင် အုတ်လိုဏ်ဂူပြုလုပ်စေပြီး သာသနာကို ယုံကြည်ကိုးစားသော ဘုန်းသမ္ဘာနှင့်ပြည့်စုံသော မင်းကောင်းမင်းမြတ်တို့ ဥဒ္ဒိဿကစေတီအဖြစ် ကိုးကွယ်တော်မူကြကုန်သတည်းဟု ပုရပိုက်တွင် ရေးသွင်းအဓိဋ္ဌာန်ပြုခဲ့ပေသည်။

ပထမစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်း

ပုဂံပြည့်ရှင်အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်ရာ ယခုဖောင်တော်ဦးစေတီအရပ်တွင် ဖောင်တော်ဆိုက်ပြီး မဟာပုဏ္ဏမထေရ်အဓိဋ္ဌာန်ဖြင့်ပေါ်လာသော ဗုဒ္ဓကိုယ်စား နိမ္မိတရုပ်ပွားမြသားဆင်းတုတော် ဌာပနာထားသော အုတ်လိုဏ်ဂူတော်ကို တွေ့မြင်တော်မူလေ၏။ ဤဒေသသည် အံ့ဘွယ်ထူးကဲရှိလှသည်ဖြစ်၍ အလောင်းစည်သူမင်းကြီးသည် ဗုဒ္ဓမြတ်စွာသက်တော်ထင်ရှား တွေ့ဘိအလား ပီတိသောမနဿဝေဖြာလျက် ရှိခိုးကော်ရော် ဖူးမျှော်ကန်တော့လိုက်ပါတော့သည်။ မင်းကြီးသည် မဟာပုဏ္ဏမထေရ်အဓိဋ္ဌာန်ဖြင့်ပေါ်လာသော မြဆင်းတုတော်ဌာပနာသောအုတ်လိုဏ်ဂူကို ခြုံငုံပြီးလျှင် ဥဏ်တော် (၄၈) တောင် (၁၇ လက်သစ်) ရှိသော စေတီတစ်ဆူတည်ထားကိုးကွယ်တော်မူခဲ့ပေသည်။ စေတီတော်ကြီးအား ဇရပ်၊ တန်ဆောင်း၊ သိမ်၊ စကြံုန် လေးဌာန စီရင်လှူဒါန်းတော်မူ၏။ စေတီတော်၏ ဝတ္တကံမြေများ၊ စေတီပါယ်မြေ၊ ဆီမီးဝတ်၊ သင်းပုတ်ဝတ်များကိုလည်း လှူဒါန်းပူဇော်တော်မူခဲ့ပေသည်။

သမုဒ္ဒဂီရိမြစေတီတော်မြတ်ကြီးအား ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း

သမုဒ္ဒဂီရိမြစေတီတော်မြတ်ကြီးသည် နှစ်ပေါင်းများစွာ တိမ်မြုပ်တော်မူခဲ့ရာ ဆရာတော်ဦးသီလသည် တောရဆောက်တည်ရာတွင် အလောင်းစည်သူမင်း တည်ထားခဲ့သော စေတီငုတ်တိုကြီးရှိ ခြံနွယ်ပိတ်ပေါင်းတို့ကို ရှင်းလင်းပြီး ၁၂၅၁ ခုနှစ်တွင် စတင်ပြုပြင်တော်မူခဲ့ပေသည်။ ၁၂၅၇ ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် ဥဏ်တော် (၁၀၈) တောင်မြင့်သော စေတီတော်ကြီး၏ ရွှေထီးတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်နိုင်ခဲ့ပေသည်။ ထို့နောက် စေတီတော်ကြီး၏ ရွှေထီးတော်သည် နှစ် (၁၀၀) ကျော်ရှိနေသဖြင့် ရွှေထီးတော်အသစ်ရိုက်ပြီး ၁၃၅၇ ခုနှစ်၊ တပို့တွဲလဆန်း (၃) ရက်နေ့တွင် ရွှေထီးတော်အသစ်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်နိုင်ခဲ့ပေသည်။ ၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် အရံစေတီ (၈၈) ဆူ၊ ရွှေထီးတော်အသစ်တင်လှူခြင်း၊ စေတီတော်ကြီး၏ ရွှေထီးတော်ကို ရွှေသင်္ကန်းအသစ်ကပ်လှူပြီး (၂၅) သိန်းတန် စိန်ဖူးတော်ကိုလည်း တင်လှူပူဇော်နိုင်ခဲ့ပေသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေမှ အောက်ကျောင်း သမုဒ္ဒဂီရိမြစေတီတော်မြတ်ကြီးအား ပြုပြင်မွမ်းမံထိန်းသိမ်းရန် ညွှန်ကြားခဲ့ပါသဖြင့် မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး၊ မင်းဘူး (စကု) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မန်းရေနံမြေအထွေထွေမန်နေဂျာ၊ P.I.C စက်ရုံမှူး၊ MPRL E&P မှ ရေနံမြေစီမံခန့်ခွဲရေးမန်နေဂျာတို့မှ ဦးစီးကော်မတီဖွဲ့စည်း၍ ဌာနမှူးများ၊ ဝန်ထမ်းများ၊ ဂေါပကအဖွဲ့ဝင်များ၊ စေတနာထက်သန်သော အလှူရှင်များ၊ လုပ်အားဒါန လှူဒါန်းကြသူများစုပေါင်း၍ စေတီတော်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ သာသနာ သက္ကရာဇ် ၂၅၅၄ ခု၊ မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁) ရက်နေ့မှ ၁၃၇၃ ခု၊ မြန်မာနှစ်ဆန်း (၁) ရက်နေ့ (၂၀၁၁ ခုနှစ်၊ ဧပြီလ (၁၇) ရက်နေ့) တွင် စေတီတော်မြတ်ကြီးကို စုစုပေါင်း အလှူငွေ (၅၈၉) သိန်းကျော်အကုန်အကျခံ၍ ပြုပြင်မွမ်းမံထိန်းသိမ်းနိုင်ခဲ့ပြီး မြစေတီတော်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကိုပါ အောင်မြင်စွာ ကျင်းပပူဇော်နိုင်ခဲ့ပါသည်။



စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံထိန်းသိမ်းရေးအတွက် လှူဒါန်းမှုများ

စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံထိန်းသိမ်းရေးအတွက် လှူဒါန်းမှုများ		
စဉ်	စေတီတော်မြတ်ကြီးဘက်စုံပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ	ကုန်ကျစရိတ် (ကျပ်)
၁။	လုံးပတ်တော်ကြီးပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း	၂၅,၀၀၀,၀၀၀/
၂။	ထီးတော်ကြီး ရွှေအသစ်ကပ်လှူခြင်း	၅,၉၀၀,၀၀၀/
၃။	အရံစေတီများ၊ ပရဝဏ်အတွင်းရှိစေတီတော်များ ရွှေသင်္ကန်းကပ်လှူခြင်း၊ အင်္ဂါထောင့်နှင့် ရာဟုထောင့် တံခွန်တိုင်များပြုပြင်ခြင်း	၅,၆၀၀,၀၀၀/
၄။	မဟာပုဏ္ဏရဟန္တာအရှင်မြတ် ကြွေးရုပ်တုတော်နှင့် စံကျောင်းတော် သွန်းလုပ်တည်ဆောက်ခြင်း	၁၅,၀၀၀,၀၀၀/
၅။	လျှပ်စစ်မီး ပူဇော်လှူဒါန်းခြင်း	၈၅၈,၈၀၀/
၆။	50 KVA ထရန်စဖော်မာ ဝယ်ယူလှူဒါန်းခြင်း	၆,၆၁၂,၅၀၀/
	စုစုပေါင်းအလှူတော်ငွေ	၅၈,၉၇၁,၃၀၀/

အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်နှင့် မိသားစု၏ လှူဒါန်းမှုများ

သာသနာ့သမိုင်းဝင် သမုဒ္ဒဂီရိမြစေတီတော်မြတ်ကြီး တည်ရှိသည့် မန်းရေနံမြေတွင် MPRL E&P ကုမ္ပဏီသည် ရေနံတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အတူ ၁၉၉၆ ခုနှစ်မှစ၍ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ မန်းရေနံမြေသည် ဗုဒ္ဓဘာသာမြန်မာလူမျိုး အများစုနေထိုင်ရာဒေသဖြစ်ပြီး သမိုင်းဝင်ရှေးဟောင်း ဗုဒ္ဓသာသနိက အဆောက်အအုံများလည်း ပေါများစွာ တည်ရှိသည့် အရပ်ဒေသတစ်ခုဖြစ်ပါသည်။ မြန်မာအမျိုးသားများ ဦးဆောင်သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်သည့် MPRL E&P ကုမ္ပဏီအနေဖြင့် လွန်ခဲ့သည့် ၂၈ နှစ်တာ ကာလအတွင်း မန်းရေနံမြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အတူ သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဘာသာရေးဆိုင်ရာ အခမ်းအနားများတွင် စဉ်ဆက်မပြတ် လှူဒါန်းပံ့ပိုးခဲ့ပြီး အထူးသဖြင့် သာသနာ့သမိုင်းဝင် သမုဒ္ဒဂီရိမြစေတီတော်မြတ်ကြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ်နှင့်မိသားစုက ထူးခြားစွာ ပံ့ပိုးလှူဒါန်းခဲ့သည်။





စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံထိန်းသိမ်းရေးအတွက် အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်နှင့် မိသားစု၏ လှူဒါန်းမှုများ			
စဉ်	စေတီတော်မြတ်ကြီးဘက်စုံပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ	လှူဒါန်းကာလ	ကုန်ကျစရိတ် (ကျပ်)
၁။	စိန်ဖူးတော်တပ်ဆင်ပူဇော်လှူဒါန်းခြင်း	၂၀၁၄ ခုနှစ်	၂,၅၀၀,၀၀၀/
၂။	တံခွန်တိုင်ဆောက်လုပ်လှူဒါန်းခြင်း	၂၀၁၅ ခုနှစ်	၄,၀၀၀,၀၀၀/
စုစုပေါင်းအလှူတော်ငွေ			၆,၅၀၀,၀၀၀/

MPRL E&P ကုမ္ပဏီများအုပ်စုရှိ ဝန်ထမ်းမိသားစုများ၏ လှူဒါန်းပံ့ပိုးမှုများ

အလားတူ အောက်ကျောင်းကျေးရွာရှိ သာသနာ့သမိုင်းဝင် သမုဒ္ဒဂီရိမြစေတီတော်မြတ်ကြီးတွင် MPRL E&P ကုမ္ပဏီများအုပ်စု၏ အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်နှင့်အမှုဆောင်စီမံခန့်ခွဲရေးအဖွဲ့အား အမှုးထား၍ မန်းရေနံမြေစီမံခန့်ခွဲရေးဝန်ထမ်းမိသားစုများက ဘုရားရင်ပြင်တော်ရှိ စတီးလက်ရန်းများ တပ်ဆင် လှူဒါန်းခြင်း၊ စေတီတော်အတွက် လျှပ်စစ်မီးပူဇော်နိုင်ရန် ၂၀၁၁ ခုနှစ်မှစတင်၍ လက်ရှိအချိန်အထိ လစဉ်လှူဒါန်းလျက်ရှိသည်။ ထို့အပြင် မန်းရေနံမြေစီမံခန့်ခွဲရေးအဖွဲ့ဝင် ဝန်ထမ်းတစ်ဦးချင်းအနေဖြင့်လည်း စေတီတော်မြတ်ကြီးအတွက် လိုအပ်သည်များကို လှူဒါန်းပံ့ပိုးခဲ့သည်။ အလားတူ မန်းရေနံမြေတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် MPRL E&P ကုမ္ပဏီများအုပ်စုဝင် Myint & Associates (မန်းရေနံမြေစီမံကိန်း) ဝန်ထမ်းမိသားစုများကလည်း စေတီတော်မြတ်ကြီး၏ ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများအတွက် လှူဒါန်းပံ့ပိုးလျက်ရှိသည်။

စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံထိန်းသိမ်းရေးအတွက် မန်းရေနံမြေ ဝန်ထမ်းမိသားစုများ၏ လျူဒါန်းမှုများ				
စဉ်	စေတီတော်မြတ်ကြီးဘက်စုံပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ	လျူဒါန်းသူများ	လျူဒါန်းကာလ	ကုန်ကျစရိတ် (ကျပ်)
၁။	လုံးပတ်တော်ကြီး ပြုပြင်မွမ်းမံခြင်း၊ ရွှေသင်္ကန်းဆက်ကပ် လျူဒါန်းခြင်းနှင့် အခြားလျူဒါန်းမှုများ	မန်းရေနံမြေ စီမံခန့်ခွဲရေးအဖွဲ့	၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၃ ခုနှစ်၊ ဧပြီလအထိ	၁,၁၉၆,၂၀၀/
၂။	လျှပ်စစ်မီးပူဇော်နိုင်ရန် လစဉ်လျူဒါန်းခြင်း	မန်းရေနံမြေ စီမံခန့်ခွဲရေးအဖွဲ့	၂၀၂၁ ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၄ ခုနှစ်၊ မတ်လအထိ	၁,၁၃၆,၅၀၀/
၃။	ဘုရားရင်ပြင်တော်စတီးလက်ရန်း တပ်ဆင်လျူဒါန်းခြင်း	မန်းရေနံမြေ စီမံခန့်ခွဲရေးအဖွဲ့	၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ	၆၀၀,၀၀၀/
၄။	ဘုရားရင်ပြင်တော်စတီးလက်ရန်း တပ်ဆင်လျူဒါန်းခြင်း	Myint & Associates (မန်းရေနံမြေစီမံကိန်း)	၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ	၇၅,၀၀၀/
	စုစုပေါင်းအလျူတော်ငွေ			၃,၀၀၇,၇၀၀/



MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးလှူဒါန်းမှုများ

အောက်ကျောင်းဘုရားဝင်းအတွင်းရှိ သာသနိကအဆောက်အအုံများတွင် MPRL E&P (CSR အစီအစဉ်) ဖြင့် ရပ်ရွာဖွံ့ဖြိုးရေးဆိုင်ရာ အစည်းအဝေးများ၊ သင်တန်းများကို အခါအားလျော်စွာ ကျင်းပပြုလုပ်လေ့ရှိပြီး ကျင်းပပြုလုပ်သည့် အကြိမ်တိုင်းတွင်လည်း ဘုရားကြီး၏ ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများအတွက် အလှူငွေများကို လှူဒါန်းပံ့ပိုးလျက်ရှိပါသည်။ ထို့အပြင် ၂၀၂၄ ခုနှစ်၊ မတ်လအတွင်းကျင်းပမည့် အလှူတော်မင်္ဂလာအခမ်းအနားတွင်လည်း စေတီတော်မြတ်ကြီးနှင့် တံခွန်တိုင်တို့ကို ပိုမိုသပ္ပာယ်စွာ ထွန်းလင်းတောက်ပရန်နှင့် စေတီတော်နှင့် ဘုရားပရဝဏ်အတွင်း အလင်းရောင်ကောင်းမွန်စွာရရှိစေရန် ဆလိုက်မီးသီးနှင့် မီးလုံးများကို ၂၀၂၄ ခုနှစ်၊ မတ်လဆန်းတွင် MPRL E&P (CSR အစီအစဉ်) ဖြင့် အသစ်လဲလှယ်တပ်ဆင်ပံ့ပိုးခဲ့ပါသည်။

စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံထိန်းသိမ်းရေးအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် လှူဒါန်းမှုများ

စဉ်	စေတီတော်မြတ်ကြီးဘက်စုံပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ	လှူဒါန်းကာလ	ကုန်ကျစရိတ် (ကျပ်)
၁။	စေတီတော်အတွက် ဆလိုက်မီးသီးနှင့် မီးလုံးများ အသစ်တပ်ဆင်လှူဒါန်းခြင်း	၂၀၂၄ ခုနှစ်၊ မတ်လ	၄၉၈,၀၀၀/
စုစုပေါင်းအလှူတော်ငွေ			၄၉၈,၀၀၀/

အလှူတော်မင်္ဂလာကျင်းပပြုလုပ်ရခြင်းရည်ရွယ်ချက်

ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာတွင် သားယောကျ်ားလေးများကို အသက်နှစ်ဆယ်မတိုင်မီ သာသနာ့ဘောင်သို့ သွတ်သွင်း၍ ရှင်သာမဏေပြုကာ သာသနာ့ဘောင်ဝင်နိုင်ရန် သွတ်သွင်းချီးမြှင့်သည့် ပဗ္ဗဇ္ဇမင်္ဂလာသည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်တိုင်းအတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်သည်။ ထို့အပြင် မြန်မာ့ယဉ်ကျေးမှုတွင် မိဘတို့၏ဝတ္တရားအရ သားရတနာများကို ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာ့အမွေခံယူစေခြင်းသည် ကုသိုလ်တရား (၁၂) ပါးအနက် တစ်ပါးအပါအဝင်လည်းဖြစ်သည်။ ကာလအပိုင်းအခြားအလိုက် ရှင်သာမဏေပြု၍ သာသနာ့အမွေခံယူရာတွင် ဗုဒ္ဓသာသနာနှင့် တရားဓမ္မများကို ခေတ္တခဏတာထိတွေ့ခွင့်ရရှိခြင်းမှသည် ဘဝတစ်သက်တာနက်နဲစွာလေ့လာနိုင်ရန် တွန်းအားလည်းဖြစ်စေပါသည်။ MPRL E&P သည် မန်းရေနံမြေဒေသခံများအတွက် လူမှုတာဝန်သိ CSR လုပ်ငန်းများကို ဒေသခံများနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်လျက်ရှိရာ ဒေသခံများတွင် မပြေလည်သည့် မိသားစုများအနေဖြင့် ၎င်းတို့၏ သားရတနာများကို ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းများနှင့်အညီ ရှင်သာမဏေအဖြစ်သွတ်သွင်းချီးမြှင့်နိုင်ရေးအတွက် အခက်အခဲရှိကြောင်း သတိပြုမိခဲ့သည်။ သို့ဖြစ်၍ မြန်မာ့ရိုးရာထုံးတမ်းစဉ်လာတစ်ခုကို ဆက်လက်ထိန်းသိမ်းပြီး ဒေသခံများ၏ ဘာသာရေးနှင့်လူမှုရေးအရ လိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ရှင်ပြုမင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ခြင်းဖြစ်သည်။ ရှင်ပြုမင်္ဂလာအခမ်းအနားကို မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရအရေးပါသည့် စံတန်ဖိုးများကို မျှဝေခံစားကာ ဒေသခံရပ်ရွာလူထု၏ စည်းလုံးညီညွတ်မှုစံနမူနာဖြစ်စေရန် မန်းရေနံမြေဒေသလုံးဆိုင်ရာ အခမ်းအနားတစ်ခုအဖြစ် သရုပ်ဖော်ကျင်းပနိုင်ရေးအတွက် MPRL E&P ၏ CSR & Communications ဌာနမှ ဦးဆောင်စီမံခန့်ခွဲခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ ပူးပေါင်း၍ နွေရာသီကျောင်းပိတ်ရက်ကာလများဖြစ်သည့် ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း ကျင်းပနိုင်စေရန်စီစဉ်ခဲ့ပါသည်။

အလှူတော်မင်္ဂလာကျင်းပနိုင်ရေးကြိုတင်စီမံခန့်ခွဲမှုများ

မန်းရေနံမြေတွင် MPRL E&P (CSR အစီအစဉ်) ဖြင့် ပြုလုပ်ကျင်းပမည့် ပဗ္ဗဇ္ဇမင်္ဂလာ ရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် MPRL E&P ၏ CSR & Communications ဌာနကဦးစီး၍ ရှင်ပြုအလှူတော်မင်္ဂလာကို အနှစ်သာရရှိရှိဖြင့် စနစ်တကျကျင်းပနိုင်ရန် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လမှစတင်၍ မန်းရေနံမြေထိစပ်ကျေးရွာများရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကြိုညှိနှိုင်းဆွေးနွေးပွဲများကို လစဉ်ကျင်းပပြုလုပ်ခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအထိ အကြိုညှိနှိုင်းဆွေးနွေးမှု (၈) ကြိမ်ပြုလုပ်ခဲ့ပြီး အလှူမင်္ဂလာပွဲဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ကော်မတီများအသီးသီးခွဲခြားသတ်မှတ်ဆောင်ရွက်စေခဲ့သည်။

ကော်မတီများဖွဲ့စည်းဆောင်ရွက်ခြင်း

စဉ်	အမည်၊ ကျေးရွာ၊ ရာထူး	တာဝန်
၁။	(က) ဦးအုန်းမောင်၊ လက်ပံတပင်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (ခ) ဦးဝင်းရှိန်၊ မယ်ဘေ့ကုန်းကျေးရွာ၊ ကျေးရွာတာဝန်ခံ	နာယက
၂။	(က) ဦးထွန်းလှအောင်၊ မန်းကျီးကျေးရွာ၊ ကျေးရွာအုပ်ချုပ်ရေးမှူး (ခ) ဦးအောင်အောင်၊ ကြာကန်ကျေးရွာ၊ ကျေးရွာအုပ်ချုပ်ရေးမှူး	တွဲဖက်ဥက္ကဋ္ဌ
၃။	ဦးကျော်စိုး၊ အောက်ကျောင်းကျေးရွာ၊ ကျေးရွာအုပ်ချုပ်ရေးမှူး	အတွင်းရေးမှူး
၄။	ဦးမြင့်ကြူ၊ နန်းဦးကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ	ဘဏ္ဍာထိန်း
၅။	(က) ဦးထွန်းလှအောင်၊ မန်းကျီးကျေးရွာ၊ ကျေးရွာအုပ်ချုပ်ရေးမှူး (ခ) ဦးမောင်ဌေး၊ အောက်ကျောင်းကျေးရွာ၊ ကျေးရွာချက်ဖိုအဖွဲ့ (ဂ) ဦးခင်ဝင်း၊ အောက်ကျောင်းကျေးရွာ၊ ကျေးရွာချက်ဖိုအဖွဲ့ (ဃ) ဒေါ်မာမာဝင်း၊ အေးမြကျေးရွာ၊ ကျေးရွာစေတနာ့ဝန်ထမ်း (င) ဒေါ်နွဲ့သီ၊ နန်းဦးကျေးရွာ၊ ကျေးရွာအုပ်ချုပ်ရေးမှူး (စ) ဒေါ်ဖြူ၊ နန်းဦးကျေးရွာ၊ ကျေးရွာစေတနာ့ဝန်ထမ်း (ဆ) ဒေါ်သိဂီဝမ်း၊ မယ်ဘေ့ကုန်းကျေးရွာ၊ ကျေးရွာစေတနာ့ဝန်ထမ်း	ပစ္စည်းအဝယ်တော်

	(ဇ) ဦးတင်ဝင်း၊ လေးအိမ်တန်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (စျ) ဦးအောင်မြတ်၊ လေးအိမ်တန်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ	ပစ္စည်းအဝယ်တော်
၆။	(က) ဦးကျော်အောင်၊ ကြာကန်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (ခ) ဦးသန်းရွှေ၊ အောက်ကျောင်းကျေးရွာ၊ ဘုရားဂေါပက (ဂ) ဦးပြုံးချို၊ အောက်ကျောင်းကျေးရွာ၊ ကျေးရွာချက်ဖိုအဖွဲ့ (ဃ) ဦးတင်ဌေး၊ ကြာကန်ကျေးရွာ၊ ကျေးရွာချက်ဖိုအဖွဲ့ (င) ဦးလှကြည်၊ ကြာကန်ကျေးရွာ၊ ဘုရားဂေါပက (စ) ဦးကျော်မြင့်၊ ကြာကန်ကျေးရွာ၊ ကျေးရွာချက်ဖိုအဖွဲ့	ချက်ပြုတ်ရေးတာဝန်ခံ
၇။	(က) ဦးမောင်ဌေး၊ အောက်ကျောင်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (ခ) ဦးအောင်နိုင်၊ အေးမြကျေးရွာ၊ ကျေးရွာအုပ်ချုပ်ရေးမှူး (ဂ) ဦးကျော်မင်း၊ မကြီးချောင်းကျေးရွာ၊ ရာအိမ်မှူး	ယာဉ်တာဝန်ခံ
၈။	(က) ဦးအောင်ကို၊ ပေါက်ကုန်းကျေးရွာ၊ ကျေးရွာစေတနာ့ဝန်ထမ်း (ခ) ဒေါ်ဖြူ၊ နန်းဦးကျေးရွာ၊ ကျေးရွာစေတနာ့ဝန်ထမ်း (ဂ) ဒေါ်မြင့်မြင့်ခိုင်၊ အောက်ကျောင်းကျေးရွာ၊ ကျေးရွာစေတနာ့ဝန်ထမ်း	ရေနှင့်သန့်ရှင်းရေး

၉။	(က) ဦးသိန်းဌေး၊ ရွာသာကျေးရွာ၊ ကျေးရွာအုပ်ချုပ်ရေးမှူး (ခ) ဦးသက်မောင်၊ ရွာသာကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ	အခမ်းအနားပြင်ဆင်ခြင်း
၁၀။	(က) ဦးကျော်စိုး၊ အောက်ကျောင်းကျေးရွာ၊ ကျေးရွာအုပ်ချုပ်ရေးမှူး (ခ) ဦးဌေးဝင်း၊ ရွာသာကျေးရွာ၊ ကျေးရွာစေတနာ့ဝန်ထမ်း	လျှပ်စစ်မီးနှင့် မီးလင်းရေး
၁၁။	(က) ဦးသိန်းမင်းဇော်၊ အေးမြကျေးရွာ၊ ကျေးရွာလူငယ်အဖွဲ့ (ခ) ဦးအောင်တိုး၊ အေးမြကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ	ဧည့်ခံရေးအဖွဲ့
၁၂။	(က) ဒေါ်စိုး၊ ကြာကန်ကျေးရွာ၊ ကျေးရွာချက်ဖိုအဖွဲ့	ဘုန်းကြီးကျောင်းချက်ဖိုအဖွဲ့
၁၃။	(က) ဦးဝင်းဇော်၊ လေးအိမ်တန်းကျေးရွာ၊ ကျေးရွာအုပ်ချုပ်ရေးမှူး (ခ) ဦးအေးမင်းစိုး၊ မန်းကျိုးကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (ဂ) ဦးအောင်သိန်း၊ နန်းဦးကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (ဃ) ဦးဝင်းလေး၊ လက်ပံတောကျေးရွာ၊ ကျေးရွာအုပ်ချုပ်ရေးမှူး (င) ဦးအောင်တေဇ၊ လက်ပံတောကျေးရွာ၊ ကျေးရွာစေတနာ့ဝန်ထမ်း (စ) ဦးမင်းလွင်၊ မကြီးချောင်း၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (ဆ) ဦးစိုးနိုင်၊ ကျွဲချကျေးရွာ၊ ကျေးရွာအုပ်ချုပ်ရေးမှူး (ဇ) ဦးမောင်ဝေ၊ လက်ပံတပင်ကျေးရွာ၊ ကျေးရွာအုပ်ချုပ်ရေးမှူး (ဈ) ဦးအုန်းမောင်၊ လက်ပံတပင်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ	အဖွဲ့ဝင်

	(ည) ဦးအောင်ကို၊ ပေါက်ကုန်းကျေးရွာ၊ ကျေးရွာစေတနဒ္ဝန်ထမ်း (ဋ) ဦးအောင်မျိုး၊ ပေါက်ကုန်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (ဌ) ဦးမြင့်ခိုင်၊ ပေါက်ကုန်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (ဍ) ဦးငြိမ်းချမ်း၊ ချင်တောင်ကျေးရွာ၊ ကျေးရွာအုပ်ချုပ်ရေးမှူး (ဎ) ဦးသန်းညွှန့်၊ ချင်တောင်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (ဏ) ဦးတင်သောင်း၊ မယ်ဘော့ကုန်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (တ) ဦးညွှန့်ဝင်း၊ ကြာကန်ကျေးရွာ၊ ကျေးရွာစေတနဒ္ဝန်ထမ်း (ထ) ဦးဝင်းစိန်၊ လေးအိမ်တန်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (ဒ) ဦးအောင်နိုင်လင်း၊ အောက်ကျောင်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ	အဖွဲ့ဝင်










ဝန်ထမ်းမိသားစုများပူးပေါင်းပါဝင်လှူဒါန်းနိုင်ရေး တိုက်တွန်းနှိုးဆော်ခြင်းနှင့် ဖိတ်ကြားခြင်း

ရှင်ပြုမင်္ဂလာအခမ်းအနားကို MPRL E&P ၏ CSR ရန်ပုံငွေဖြင့် မတည်ကျင်းပနိုင်ရန် စီစဉ်ခဲ့ပြီး မန်းရေနံမြေရှိ ထိစပ်ကျေးရွာ (၁၄) ရွာနေ မိသားစုများ၏ ရှင်သာမဏေလောင်းလျာ (၇၁) ပါးအတွက် လိုအပ်သည့် သင်္ကန်းပရိက္ခရာနှင့် အခြားလှူဖွယ်ပစ္စည်းများကို ကုမ္ပဏီဝန်ထမ်းမိသားစုများအနေဖြင့် ပူးပေါင်းပါဝင်လှူဒါန်းနိုင်ရေး ကြိုတင်အသိပေးနှိုးဆော်ခဲ့သည်။ သို့ဖြစ်၍ CSR လုပ်ငန်းအဖွဲ့ဝင်များက ရှင်လောင်းတစ်ပါးစာအတွက် ပရိက္ခရာရှစ်ပါးနှင့် တစ်ပတ်စာဆွမ်းစရိတ်အဖြစ် ကျပ် ၁၅၀,၀၀၀/- (ကျပ်တစ်သိန်းငါးသောင်း) နှုန်းဖြင့် ၂၀၂၄ ခုနှစ်၊ ဧန်နဝါရီလကုန်အထိ ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်စာများကို ရန်ကုန်ရုံးချုပ်နှင့် မန်းရေနံမြေရုံးတို့တွင် အသိပေးကြော်ငြာများဖြင့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့တွင် နှိုးဆော်ခဲ့သည်။





MPRL E&P Pte Ltd. ၏ အလှူတော်မဝိုလာ ဖိတ်ကြားလွှာ

မိမိတို့၏ ရင်နှစ်သည်းချာသားရတနာကိုဖြစ်စေ၊ သူတစ်ပါးတို့၏ ရင်နှစ်သည်းချာ သားရတနာကိုဖြစ်စေ "ပဗ္ဗဇ္ဇမင်္ဂလာ" သာသနာ့အမွေခံယူစေရာတွင် သူတစ်ပါးတို့၏ ရင်နှစ်သည်းချာ သားရတနာတို့အား ပဗ္ဗဇ္ဇမင်္ဂလာ သာသနာ့အမွေခံယူစေခြင်း ပါရမီအထောက်အပံ့ ကုသိုလ်တော်အဖြစ်


အလှူဒါယကာ အမှဆောင်အရာရှိချုပ် ဦးမိုးမြင့်နှင့် မိသားစု၊
MPRL E&P ဝန်ထမ်းမိသားစုများနှင့်
Myint & Associates (မန်းရေနံဖြစ်မဲကိန်း) ဝန်ထမ်းမိသားစုများက


မန်းရေနံမြေဒေသခံ ရှင်သာမဏေ (၇၁) ပါးတို့အား ရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် "ပဗ္ဗဇ္ဇအမွေရှင်သာမဏေ" အဖြစ် သွတ်သွင်းချီးမြှင့်ခြင်းမင်္ဂလာ ဆင်ယင်ကျင်းပရာတွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း အစရှိသော ဒါယကာဒကာအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး အလှူရေစက်ချတာရားတော်မြတ်ကို အတူတကွနာယူလိုပါသဖြင့် **"အလှူတော်မဝိုလာအခမ်းအနား"** သို့ ကြွရောက်ချီးမြှင့်ပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

• • •

အလှူတော်မဝိုလာအစီအစဉ်

- အလှူတော်မဝိုလာနေ့ရက် ။ ။ ၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၀၂) ရက်၊ တရဂုဝ-၂၀၂၄ (ကြာသပတေးနေ့)
- ရှင်သာမဏေများဆံရိုးချ ။ ။ နံနက် (၆း၃၀) နာရီ
- ဧည့်ခံကျွေးမွေးခြင်း ။ ။ နံနက် (၇း၀၀) နာရီမှ ဓနုလည် (၁၂း၀၀) နာရီ အထိ
- တရားတော်နာယူခြင်း ။ ။ နံနက် (၉း၃၀) နာရီ
- အလှူတော်မဝိုလာနေရာ ။ ။ အောက်ကျောင်းဘုရား၊ မင်းဘုး (စကု) မြို့နယ်၊





MPRL E&P (CSR အစီအစဉ်) ၏ ပံ့ပိုးမှုနှင့် အလှူငွေကောက်ခံရရှိမှုများ

MPRL E&P (CSR အစီအစဉ်) ဖြင့် ကျင်းပပြုလုပ်မည့် ရှင်ပြုအလှူတော်မင်္ဂလာအတွက် လူမှုတာဝန်သိ CSR ရန်ပုံငွေဖြင့် ကျပ် သိန်း ၁၇,၆၆၉,၁၅၀/ (ကျပ်တစ်ရာခုနစ်ဆယ့်ခြောက်သိန်းခြောက်သောင်းကိုးထောင်တစ်ရာငါးဆယ်) မတည်ခဲ့ပြီး MPRL E&P ကုမ္ပဏီဝန်ထမ်းမိသားစုများနှင့် Myint & Associates (မန်းရေနံမြေစီမံကိန်း) ဝန်ထမ်းမိသားစုများ၏ ပံ့ပိုးပါဝင်လှူဒါန်းငွေ ကျပ် ၁၃,၀၀၀,၀၀၀/ (ကျပ်သိန်းတစ်ရာသုံးဆယ်) အပါအဝင် စုစုပေါင်းကျပ် ၃၀,၆၆၉,၁၅၀/ (ကျပ်သုံးရာ့ခြောက်သိန်းခြောက်သောင်းကိုးထောင်တစ်ရာ့ငါးဆယ်) အကုန်အကျခံ၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

မန်းရေနံမြေတွင် ပြုလုပ်ကျင်းပမည့် ရှင်ပြုအလှူတော်မင်္ဂလာအတွက် ဝန်ထမ်းမိသားစုများ၏ လှူဒါန်းမှု

ရန်ကုန်ရုံးချုပ်ရှိ ဝန်ထမ်းမိသားစုများ၏ လှူဒါန်းမှုစာရင်း

စဉ်	အမည်	ဌာန	လှူဒါန်းငွေ
၁။	ဦးမိုးမြင့်	Senior Executive Management	၇၅၀,၀၀၀/
၂။	ဦးမျိုးတင်	Senior Executive Management	၁၅၀,၀၀၀/
၃။	ဒေါ်နုနုလွင်	Senior Executive Management	၅၀၀,၀၀၀/
၄။	ဦးစည်သူမိုးမြင့်	Senior Executive Management	၄၅၀,၀၀၀/
၅။	ဦးဟန်စိန်	Executive Management	၁၅၀,၀၀၀/
၆။	ဦးကိုကို	Executive Management	၅၀,၀၀၀/

စဉ်	အမည်	ဌာန	လျှောက်ထားငွေ
၇။	ဦးတင့်ဆွေ	Executive Management	၅၀,၀၀၀/
၈။	Admin & Contracts Dept.	Admin & Contracts	၁၅၀,၀၀၀/
၉။	ဦးမျိုးသွင်+ဒေါ်နန်းခင်စိန်ပွင့် သမီး ဒေါ်ကေခိုင်မျိုးသွင်မိသားစု	CEO Office	၁၅၀,၀၀၀/
၁၀။	ဦးစောလှိုင်ဦးနှင့် CEO's Secretariat	CEO Office	၁၅၀,၀၀၀/
၁၁။	ဦးဇော်လွင်	Compliance	၁၅၀,၀၀၀/
၁၂။	ဒေါ်မိုးမမမျိုး	Compliance	၁၅၀,၀၀၀/
၁၃။	ဒေါ်စုရတနာ	Compliance	၁၀,၀၀၀/
၁၄။	ဒေါ်ယုမွန်စိုးလွင်	COO Office	၅၀,၀၀၀/
၁၅။	ဒေါ်စိုးသန္ဓာအောင်	COO Office	၂၀,၀၀၀/
၁၆။	ဒေါ်မျိုးသိဂီခင်	COO Office	၁၀,၀၀၀/
၁၇။	ဒေါ်ဝတ်မှုံတင်လတ်	CSR & Communications	၇၅၅,၀၀၀/
၁၈။	ဒေါ်မိုးသူဇောစိုး	CSR & Communications	၃၀၀,၀၀၀/
၁၉။	ဒေါ်နေခြည်ဆန်းညွန့်	CSR & Communications	၂၀,၀၀၀/

စဉ်	အမည်	ဌာန	လျှပ်ဒါန်းငွေ
၂၀။	ဦးကျော်ငြိမ်းချမ်း	CSR & Communications	၂၀,၀၀၀/
၂၁။	ဒေါ်ပြည့်ပြည့်ဖြိုး	CSR & Communications	၁၀၀,၀၀၀/
၂၂။	ဒေါ်ကေခိုင်မိုး	CSR & Communications	၃၀,၀၀၀/
၂၃။	ဒေါ်သည်းစန္ဒီထွန်း	CSR & Communications	၅၀,၀၀၀/
၂၄။	ဒေါ်နီဗယ်နေဝင်း	CXM Office	၁၅၀,၀၀၀/
၂၅။	ဒေါ်နီလာဟန်	Design Team	၁၅၀,၀၀၀/
၂၆။	ဦးရန်နိုင်စိုး	Drilling	သက်နှံးတစ်စုံ
၂၇။	Dr. Eloi Dolivo	Exploration & JV	၁၀၀,၀၀၀/
၂၈။	ဒေါ်မြသန္တာအောင်	Exploration & JV	၁၅၀,၀၀၀/
၂၉။	ဦးဇော်ဝင်းအောင်	Exploration & JV	၂၀,၀၀၀/
၃၀။	ဒေါ်သန္တာ	Exploration & JV	၂၅၀,၀၀၀/
၃၁။	ဒေါ်သင်းသင်းဖြိုး	Finance	၂၀,၀၀၀/
၃၂။	ဒေါ်ဆုရည်အောင်	Finance	၅၀,၀၀၀/
၃၃။	G&G Dept.	G&G	၁၁၀,၀၀၀/

စဉ်	အမည်	ဌာန	လျှုဒါန်းငွေ
